**၅။စပါးရွက်လိပ်အိမ်ပိုး**

**Rice Caseworm : *Nymphula depunctalis* (Guenée 1854)**

**Lepidoptera: Pyralidae**

**ဖျက်ကောင်ပုံသဏ္ဌာန်များ**






ပိုးလောက်ကောင်ဦးခေါင်းမှ အဝါဖျော့ရောင်ရှိပြီးကြည်လင် သောအစိမ်းရောင်ခန္ဓာကိုယ်ရှိသည်။(၁၃-၂၀)မီလီမီတာရှည်သည်။ အကောင်ကြီးမှာ(၁၅_၂၅)မီလီမီတာ ခန့်ရှိသည်။ အကောင်ကြီးသည်အဖြူရောင်ဖလံဖြစ်ပြီးအတောင်ပံတွင်အနက်ရောင်အမှတ်များရှိသည်။ နှင်းဖြူ ရောင်ရှိပြီးအချို့တွင်အညိုပျောက်လေး များရေ့အတောင်၌ရှိပါသည်။

**ဖျက်ဆီးပုံလက္ခဏာများ**





ပျိုးခင်းရှိအပင်များ(သို့)စိုက်ခင်းရွှေ့ပြောင်းပြီးစပါးပင်သားတက်ပွါးချိန်၌ကျရောက်ဖျက်ဆီးသည်။စပါးရွက်များကိုအလျားလိုက် အလိပ်ပြုလုပ်ပြီးထိုအလိပ်အတွင်းနေ၍ စပါးရွက်

အောက် မျက်နှာပြင်ကိုခြစ်စားသည်။အပင်ငယ်စဉ်တွင် ပိုမိုဆိုးဝါးစွာ ကျနိုင်သည်။ အပင်ကြီး မှာခံနိုင်ရည်ပိုရှိသည်။ ရေထဲတွင်ဖလံဘဝကြာရှည်နေနိုင်သည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– (၅ )** ရက် |
| လောက်ကောင် အဆင့် | **– (၁၉)** ရက် |
| ရုပ်ဖုံး အဆင့် | **– (၇)** ရက် |
| အကောင်ကြီး အဆင့် | **– (၄-၅)** ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)စိုက်ချိန်စောစောစိုက်ပါ။တစ်ကွင်းတ စပ်တည်းညီညီညာညာစိုက်ပါ။

(၂)အပင်စိပ်စိပ်စိုက်ခြင်းမှရှောင်ကြဉ်ပါ။(တိုက်ရိုက်စိုက်ခင်းတွင်ပိုမိုကျရောက်တတ်သည်)

(၃)စိုက်ခင်းအားပုံမှန်ကင်းထောက်ပါ။(သေတ္တာပုံသဏ္ဍာန်အိတ်ကလေးများ အားစိုက်ခင်း ရေနှင့်ပတ်ဝန်းကျင်တွင် ရှာဖွေပါ)

(၄)အကောင်ငယ်များအောက်ဆီဂျင်ပြတ်၍သေစေရန်ရေ(၂-၃)ရက်ခန့်ရေထုတ်ပါ။

(၅)လယ်ကွက်သည် အရိပ်ရပြီး ဗွက်အိုင်ထူသောပတ်ဝန်းကျင်ရှိပါကပွါးများ မှုမြန်သဖြင့် အရိပ်ပင်များအားရှင်းလင်းပါ။

(၆)လိပ်နေသောအရွက်များ ထံသို့ငှင်းရွက်လိပ်များမလုပ်ခင် ချည်မျှင်နှင့် မတွယ်မီ ပိုးသတ်ဆေး ရောက်ရှိရန်အတွက်စနစ်တကျအချိန်မီပက်ဖျန်းပါ။

(၇)လိုအပ်ပါကထိသေ၊စားသေအာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကိုဆေးအညွှန်းအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းတွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ရိတ်သိမ်းပါ။

- ဖလူဗန်ဒိုင်ယာမိုက်(Flubendiamide)
- ကလိုရမ်ထရမ်နီလီပရော(Chlorantraniliprole)
- ဒိုင်ယာဇီနွန်(Diazinon)